ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆန်းနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ

Monthly
# INFLATION REPORT
Dec, 2019

အကြောင်းအရာ။ **၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကို အစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စု အတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၇၃.၃၉** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၄၂.၅၆** ရှိပါသည်။ **၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ**၏ **အုပ်စုအားလုံး အတွက်** စားသုံးသူဈေးဆနှုန်းမှာ **၁၆၀.၅၈** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၅၉.၈၅** နှင့် နှိုင်းယှဉ်ပါက **၀.၄၆%** မြင့်တက်လာပါသည်။ **Core Inflation** တွက်ချက်ရန် ဈေးနှုန်းတည်ငြိမ်မှု မရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၏ စားသုံးသူဈေးဆနှုန်း (Core CPI) မှာ ၁၃၉.၇၄** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၃၉.၁၂** နှင့် နှိုင်းယှဉ်ပါက **၀.၄၅%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၆၀.၅၈** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၄၇.၇၀** နှင့် နှိုင်းယှဉ်ပါက **၈.၇၂%** မြင့်တက်လာပါသည်။ **၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၏ Core CPI မှာ ၁၃၉.၇၄ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ Core CPI** အခြေအနေ **၁၂၃.၄၀** နှင့် နှိုင်းယှဉ်ပါက **၁၃.၂၅%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် အစားအစာအုပ်စု (Food)** ၏ ဈေးဆနှုန်းမှာ **၁၇၃.၃၉** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၀.၄၆% မြင့်တက်လာပါသည်။** ဆန်(ဧကရီ၊ ငသွဲမထ)၊ ကောက်ညှင်းဆန်ဈေးနှုန်းများ၊ ဝက်သား၊ အမဲသား၊ ဆိတ်သားဈေးနှုန်းများ၊ ငါးအစိုနှင့် ပုစွန်ထုပ် ဈေးနှုန်းများ၊ သစ်သီးဝလံဈေးနှုန်းများ၊ ဟင်းသီးဟင်းရွက်ဈေးနှုန်းများ၊ အချို့ပဲဈေးနှုန်းများနှင့် မီးဖိုချောင်သုံးပစ္စည်းဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆနှုန်းမှာ **၁၄၂.၅၆** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၀.၄၆%** မြင့်တက်လာပါသည်။ ယင်းအုပ်စုအတွင်းရှိ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများ ဆက်လက်မြင့်တက်လာပြီး အခြားအသုံး အဆောင်ပစ္စည်းများဖြစ်ကြသော အမျိုးသမီး/အမျိုးသားဝတ်လုံချည်များ၊ ရှပ်အင်္ကျီ၊ စပို့ရှပ်၊ တီရှပ်၊ အမျိုးသမီးဝတ်အင်္ကျီ၊ ဖိနပ်(သားရေစိမ်း)နှင့် အိမ်အသုံးအဆောင်စသည့် ကုန်ပစ္စည်း

ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာပါသည်။ သို့ရာတွင် ရွှေဈေးနှုန်းမှာမူ ယခင်လကထက် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

၅။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာ ယခင်လကထက် အနည်းငယ်ကျဆင်းနေပြီး ပြည်ပမှ တင်သွင်းသည့် ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများမှာလည်း အနည်းငယ်ကျဆင်းနေသော်လည်း ပြည်တွင်းလောင်စာဆီဈေးနှုန်းများမှာမူ အနည်းငယ်ဆက်လက်မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။


၆။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်ဈေးနှုန်းများ၊ ငါးအစိုဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက်အချို့ဈေးနှုန်းများ၊ အဝတ်အထည် ဈေးနှုန်းများနှင့် အိမ်အသုံးအဆောင်စသည့် အခြားကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် အနည်းငယ်ဆက်လက် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation) မှာ ၈.၆၀%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၈.၈၅%** ရှိပါသည်။ **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation)** မှာ **၈.၇၂%** ဖြစ်ပြီး **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation)** မှာ **၁၃.၂၅%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဆန်းမြင့်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ)


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **အပိုင်း(က)** | |
| **၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ နှင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ စားသုံးသူဈေးဆန်းနှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန်းနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ နှင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ စားသုံးသူဈေးဆန်းနှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန်းနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန်းနှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန်းနှုန်းအခြေအနေတင်ပြခြင်း | ၁၀ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၁၀ |
| သုံးသပ်တင်ပြချက် | ၁၂ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန်းနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၅ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန်းနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၆ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၇ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၈ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၉ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

### ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ နှင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်

### စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၁။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၀.၅၈ ဖြစ်ရာ ယခင်လအခြေအနေ ၁၅၉.၈၅ နှင့် နှိုင်းယှဉ်ပါက ၀.၄၆% မြင့်တက်လာပါသည်။ ထိုအုပ်စုများအနက် ပညာရေးအုပ်စုနှင့် အထွေထွေကုန်ပစ္စည်းအုပ်စုတို့မှာ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပြီး ကျန်အုပ်စု၏ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်မြင့်တက်လျက်ရှိပါသည်။

### အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

၂။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကို ဇယား (၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၇၃.၃၉ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၄၆% မြင့်တက်နေပါသည်။ ယခုလတွင် ဆန် (ဧည့်မထ) ဈေးနှုန်းမှာ ၀.၂၆%၊ နှမ်းဆီ ၁.၄၁%၊ ဝက်သား ၂.၀၇%၊ အမဲသား ၁.၀၇% ၊ငါးမြစ်ချင်း ၀.၉၂%၊ ပုစွန်ခြောက် ၀.၅၀% နှင့် ငါးရံ့ခြောက် ၀.၄၉% မြင့်တက်လာပါသည်။ သို့ရာတွင် စားအုန်းဆီ ၀.၈၀%၊ ကြက်သား ၂.၂၁%၊ ဘဲဥ ၂.၈၄% နှင့် ကြက်ဥ ၃.၈၆% ဖြင့် ဈေးနှုန်းများ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် မီးဖိုချောင်သုံးပစ္စည်းများဖြစ်သော အာလူး ၁.၁၃%၊ ကြက်သွန်ဖြူ ၀.၈၅%၊ ကြက်သွန်နီ ၂၀.၀၅% နှင့် ခရမ်းချဉ်သီး ၁၆.၉၉% ဖြင့် ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာပါသည်။ သစ်သီးများဖြစ်ကြသော ငှက်ပျောသီး၊ နာနတ်သီးဈေးနှုန်းများနှင့် ဘူးသီး၊ မုန်လာဥ၊ ကန်စွန်းရွက်၊ ပဲတောင့်ရှည်သီး စသည့် ဟင်းသီးဟင်းရွက်ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိပါသည်။ ထို့အပြင် ပဲဈေးနှုန်းများတွင် ပဲနီလေး ဈေးနှုန်းမှာ ယခင်လကထက် မြင့်တက်လာပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၅၂.၁၉ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ဝ.၈၁% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော အရက်(ပြည်တွင်း/ပြည်ပ)၊ ဘီယာ(ပြည်တွင်း)၊ ကွမ်းရွက်၊ ကွမ်းသီး(အလုံး/အခြမ်း)၊ စီးကရက်(ပြည်တွင်း)နှင့် ဆေးပေါ့လိပ် ဈေးနှုန်းများ သိသာစွာ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၂၈.၃၁ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ဝ.၄၈% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီးဝတ်လုံချည်(ပြည်တွင်း/ပြည်ပ)၊ ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီ(အတို/အရှည်)၊ အမျိုးသမီးအင်္ကျီနှင့် ဖိနပ်(သားရေ)ဈေးနှုန်းများ ဆက်လက်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၉၈.၀၁ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ဝ.၂၁% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် အိမ်လခနှင့် အိမ်ဆောက်ပစ္စည်းများဖြစ်ကြသော သစ်မာ၊ သွပ်၊ သံမဏိချောင်း၊ အုတ်၊ အိမ်ပြုပြင်ထိန်းသိမ်းစရိတ် (အလုပ်သမားခ)၊ ထင်းနှင့် မီးသွေးဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၃၀.၈၉ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ဝ.၃၃% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည့် ကုတင်၊ ဘီဒို၊ ဖျာ(သင်ဖျူး)၊ မျက်နှာသုတ်ပုဝါ၊ ခြင်ထောင်၊ စောင်၊ ဒန်သတ္တု၊ ဓာတ်ခဲ၊ မီးချောင်း၊ အဝတ်လျှော်ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ ဖယောင်းတိုင်၊ ဂတ်စ်မီးခြစ်နှင့် အိမ်အကူဈေးနှုန်းများ အနည်းငယ် ဆက်လက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၅၆.၄၁ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ဝ.၆၆% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်

စုတွင်ပါဝင်သော ရာသီအကူးအပြောင်းကာလဖြစ်၍ ဖျားနာသူ များပြားလာသော ကြောင့် ဆေးရုံစရိတ်၊ ဆေးစျေးနှုန်းများနှင့် ဆေးကုသခစျေးနှုန်းများ ဆက်လက် မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ စျေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၁၅.၉၉ ရှိ၍ ယခင်လအခြေအနေ ၁၁၅.၁၂ နှင့် နှိုင်းယှဉ်ပါက ၀.၇၅% မြင့်တက် လျက်ရှိပါသည်။ ယင်းအုပ်စုတွင် ပါဝင်သော ဓာတ်ဆီတစ်ဂါလန်လျှင် ၄၀၈၀.၁၄ ကျပ် မှ ၄၁၁၉.၉၂ ကျပ်သို့ လည်းကောင်း၊ ဒီဇယ်ဆီတစ်ဂါလန်လျှင် ၄၃၉၅.၈၇ ကျပ် မှ ၄၄၁၅.၆၉ ကျပ်သို့လည်းကောင်း စျေးနှုန်းများ အသီးသီး မြင့်တက်လာ သောကြောင့် ဖြစ်ပါသည်။ အလားတူ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်၊ ဆိုက်ကားခနှင့် ဘတ်စ်ကားခ (ခရီးဝေး) စျေးနှုန်းများမှာလည်း မြင့်တက်လာပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏စျေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၀၁.၄၇ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းလ်ဖုန်းစျေးနှုန်းများ အနည်း ငယ်မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ စျေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ လ၌ ၁၂၂.၅၂ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၃၇% မြင့်တက်လာပါသည်။ ဤ အုပ်စုတွင် ပါဝင်သော ကွန်ပျူတာ၊ ဂျာနယ်၊ ဗလာစာအုပ်နှင့် စာရေးစက္ကူစျေးနှုန်း များ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏စျေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၃၈.၅၈ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ စျေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၃၀.၆၄ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၉၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စု အတွင်း ပါဝင်သော ပြင်ပအစားအသောက်များဖြစ်သည့် မုန့်ဟင်းခါး၊ အုန်းနို့ ခေါက်ဆွဲ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်/ ကြာဇံကြော်၊ ကြေးအိုး၊ ဒံပေါက်၊ လက်ဖက်

ရည်/ ကော်ဖီ၊ ကွမ်းယာ၊ လက်ဖက်အစို နှင့် လက်ဖက်နှစ်ပြန်ကြော်ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

(၅) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၄၇.၅၈ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက သိသာစွာပြောင်းလဲမှုမရှိပါ။

(၃) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၄၂.၅၆ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၄၆% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

## ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ နှင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက် စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၁။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၀.၅၈ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆနှုန်း ၁၄၇.၇၀ နှင့် နှိုင်းယှဉ်ပါက ၈.၇၂% မြင့်တက်လာပါသည်။ သယ်ယူပို့ဆောင်ရေးအုပ်စုနှင့် ဆက်သွယ်ရေးအုပ်စု ဈေးနှုန်းမှာအနည်းငယ်သာ ကျဆင်းလာသော်လည်း ကျန်အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

## အုပ်စုအလိုက် အသေးစိတ်စိစစ်ခြင်း

၂။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကိုအုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် -

(က) **အစားအစာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၇၃.၃၉ ရှိ၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ အခြေအနေ ၁၆၀.၆၀ နှင့် နှိုင်းယှဉ်ပါက ၇.၉၇% မြင့်တက်နေသော်လည်း ယခင်လကထက်တိုးနှုန်း အနည်းငယ် လျော့နည်းလာပါသည်။ စားအုန်းဆီ၊ ကုလားပဲခြမ်း၊ ကြက်သွန်နီ(ဥကြီး)၊ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းနေသော်လည်း ဆန်(ဧည့်မထ) ဈေးနှုန်းမှာ ယခင်နှစ်အလားတူကာလကထက် ရာခိုင်နှုန်း အနည်းငယ်မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၁၄.၂၆%၊ နှမ်းဆီ ၁၀.၈၆%၊ ကြက်သား ၂.၅၄%၊ ဝက်သား ၂.၈၂%၊ အမဲသား ၂၁.၆၈%၊ ဘဲဥ ၈.၇၉%၊ ကြက်ဥ ၂.၄၈%၊ ငါးခူ ၁၄.၇၇%၊ ငါးရံ့ ၁၀.၆၆%၊ ငါးမြစ်ချင်း ၂၂.၅၅%၊ ပုစွန်ခြောက် ၈.၅၄%၊ ငါးရံ့ခြောက် ၁၀.၄၉% နှင့် ရေကျိုငါးပိ ၂.၉၈% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အာလူး ၉.၃၈%၊ ခရမ်းချဉ်သီး ၆၇.၀၁% နှင့် ကြက်သွန်ဖြူ ၆၀.၉၄% တို့ဖြင့် သိသာစွာမြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၅၂.၁၉ ရှိ၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၇.၉၁% မြင့်တက်နေပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက်(ပြည်တွင်း/ပြည်ပ)၊ ဘီယာ (ပြည်တွင်း/ ပြည်ပ)၊ ကွမ်းသီး(အခြမ်း)၊ စီးကရက်(ပြည်တွင်း/ပြည်ပ)၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ဈေးနှုန်းများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာမြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၂၈.၃၁ ရှိ၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့်နှိုင်းယှဉ်ပါက ၄.၇၇% မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော လုံချည်(အမျိုးသမီး/အမျိုးသား)၊ အမျိုးသမီးဝတ်အင်္ကျီ၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ မိုးကာနှင့် စက်ချုပ်ခ (အမျိုးသား/ အမျိုးသမီး)၊ ဖိနပ် (သားရေ/ရော်ဘာ) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၉၈.၀၁ ရှိ၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့်နှိုင်းယှဉ်ပါက ၃၀.၈၁% ဖြင့် သိသာစွာမြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေးဈေးနှုန်းများ၊ အိမ်ပြင်ခ၊ အလုပ်သမားခ၊ ဂတ်စ်ဓာတ်ငွေ့နှင့် ရေဖိုးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အပြင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းကြောင့် ယခင်နှစ်ကထက် သိသာစွာ မြင့်တက်လာပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၃၀.၈၉ ရှိ၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၆.၆၃% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်(အလုပ်သမားခ) တို့မှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၅၆.၄၁ ရှိ၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့်နှိုင်းယှဉ်ပါက ၈.၂၁% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေး၊ အ ကိုက်အခဲပျောက်ဆေးနှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၁၅.၉၉ ရှိ၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့်နှိုင်းယှဉ်ပါက ၂.၃၅% ကျဆင်းလာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင်ပါဝင်သော ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီ ဈေးနှုန်းမှာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ဒီဇယ်တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၉၅.၉၇ ရှိရာမှ ယခုနှစ် အောက်တိုဘာလတွင် ၇၅.၇၂ သို့လည်းကောင်း၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းမှာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် တစ်ဂါလန်လျှင် ၅၁၀၁.၂၄ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၄၁၅.၆၉ ကျပ်သို့လည်းကောင်း အသီးသီးကျဆင်းလာပါသည်။ အလားတူ ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ဓာတ်ဆီတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၈၆.၀၁ ရှိရာမှ ယခုနှစ် အောက်တိုဘာလတွင် ၆၈.၁၅ သို့လည်းကောင်း၊ ပြည်တွင်းဓာတ်ဆီ ဈေးနှုန်းမှာလည်း ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် တစ်ဂါလန်လျှင် ၅၀၁၀.၁၅ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၁၁၉.၉၂ ကျပ်သို့လည်းကောင်း အသီးသီး ကျဆင်းလာခဲ့ပါသည်။ သို့ရာတွင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ(ခရီးဝေး) (ပြည်တွင်း)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ်ပြုပြင် ထိန်းသိမ်းစရိတ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့် တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၀၁.၄၇ ရှိ၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၀.၆၀% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များဝင်ရောက်မှုများလာပြီး Model အဟောင်းများ ဈေးကွက်တွင် နည်းပါးလာ

သောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၂၂.၅၂ ရှိ၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၁၂.၂၇% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော စီဒီတိပ်ခွေ၊ ဓာတ်ပုံရိုက်ခ၊ သတင်းစာ၊ ဂျာနယ်၊ ဗလာစာအုပ်၊ ဘောလ်ပင်နှင့် ကွန်ပါဗူးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၃၈.၅၈ ရှိ၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၄.၀၈% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၃၀.၆၄ ရှိ၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့်နှိုင်းယှဉ်ပါက ၅.၄၂% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လ က်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ လက်ဖက်အစိုနှင့် နှစ်ပြန်ကြော်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၄၇.၅၈ ရှိ၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့်နှိုင်းယှဉ်ပါက ၁၀.၇၁% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်း အများစုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာတွင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၉.၃၅%၊ လက်ဝတ်ရတနာ ၂၈.၁၇%၊ သနပ်ခါး ၆.၁၄%၊ မိတ်ကပ် ၆.၉၀% နှင့် သွားတိုက်ဆေး ၁၀.၇၁% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ၁၄၂.၅၆ ရှိ၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့်နှိုင်းယှဉ်ပါက ၁၀.၀၄% မြင့်တက်

လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သောအုပ်စုများအနက် သယ်ယူပို့ဆောင်ရေးအုပ်စုနှင့် ဆက်သွယ်ရေးအုပ်စုကျဆင်းလာသည်မှလွဲ၍ ကျန် အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ အထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ၁၄၈.၉၅ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းများ သိသာစွာကျဆင်းလာခြင်းကြောင့် စားသုံးသူဈေးဆနှုန်းမှာ အနည်းငယ် ပြန်လည်ကျဆင်းလာပါသည်။ တစ်ဖန် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှစ၍ စားသုံးသူဈေးဆနှုန်း တဖြည်းဖြည်းပြန်လည်မြင့်တက်လာခဲ့ရာ အောက်တို ဘာလတွင် ၁၆၀.၅၈ ဖြစ်ပေါ်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။


၂။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး (၃) မြို့တို့တွင် ယခင်လနှင့် နှိုင်းယှဉ်ပါက မွန်ပြည်နယ်တွင် ကျဆင်းနေပြီး ချင်းပြည်နယ် နှင့် ရန်ကုန်မြို့တို့မှာမူ သိသာစွာမြင့်တက်ခဲ့ခြင်းမရှိပါ။ သို့သော် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတို့တွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ နှစ်အလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် ဧရာဝတီ တိုင်းဒေသကြီးတွင် ၁၅.၁၃% ဖြင့် အများဆုံး ပြောင်းလဲမှု ဖြစ်ပေါ်နေပြီး ကချင်ပြည်နယ်တွင် ၁.၉၀% ဖြင့်အနည်းဆုံးပြောင်းလဲမှုဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ် အောက်တိုဘာလ အထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေး ဖောင်းပွမှု နှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ၈.၃၃% ရှိခဲ့ရာမှ ရာသီဥတုအခြေအနေ ပြန်လည်ကောင်းမွန်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းတို့ကြောင့် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၌ ၆.၁၄% သို့ လျော့နည်းလာပါသည်။ သို့သော် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၆.၆၉% သို့ ပြန်လည် မြင့်တက်လာရာမှ ၂၀၁၉ ခုနှစ်၊ မေလတွင် ၉.၅၇% အထိ ဆက်လက်မြင့်တက်ခဲ့ပါသည်။

သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ၉.၅၁% ဖြင့် အနည်းငယ် ပြန်လည်ကျဆင်းလာပြီး ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ၁၀.၈၇% သို့ မြင့်တက်လာခဲ့ပါသည်။ သို့သော် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင်မှ ယခင်နှစ်အလားတူကာလကထက် ကုန်စည်စျေးနှုန်းများ တက်နှုန်းများ တဖြည်းဖြည်းနည်းပါး လာသောကြောင့် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် လည်း ၈.၇၂% သို့ ဆက်လက်ကျဆင်းလာပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူစျေးဆနှုန်းအပေါ် အခြေခံ တွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအထိ တစ်နှစ်ပျမ်းမျှ ၈.၆၀% ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၈.၆၁% နှင့် နှိုင်းယှဉ် ပါက သိသာစွာပြောင်းလဲမှုမရှိကြောင်းတွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကို လေ့လာပါက ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ လတွင် ၆.၆၆% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ တွင် ၈.၆၁%ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။



၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့တွင် ဖြစ်ပေါ်နေသော ငွေကြေးဖောင်းပွမှုနှုန်းများ

၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး (၃) မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား (၂) ဖြင့် တင်ပြထားပါသည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီးတွင် ၁၂.၄၀% ဖြင့် အမြင့်ဆုံး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၁.၅၃% ဖြင့် ဒုတိယအမြင့်ဆုံး၊ မန္တလေးမြို့တွင် ၁၀.၁၀% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၅.၁၃% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအများဆုံးဖြစ်ပေါ်ခဲ့ပြီး ကချင်ပြည်နယ်တွင် ၁.၉၀% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## သုံးသပ်တင်ပြချက်

၆။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှုအခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက မြင့်တက်လျက်ရှိပြီး ယခင်လနှင့် နှိုင်းယှဉ်ပါကလည်း အနည်းငယ်မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ ဈေးကွက်အတွင်း ဆန်ဟောင်းများ ကုန်ဆုံးချိန်ဖြစ်၍ ဆန်သစ် ပေါ်ချိန်ဖြစ်သောကြောင့် ဆန်ဟောင်းဈေးနှုန်း မြင့်တက်ခြင်းဖြစ်ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ ဈေးနှုန်းများမှာ ကုန်ကြမ်းများဖြစ်ကြသော မြေပဲဆံများကို တရုတ်မှ ဝယ်လိုအားရှိခြင်းနှင့် အထွက်နည်းခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာပါသည်။ သို့သော် ပြည်ပစားအုန်းဆီတင်သွင်းသည့်ဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၄.၈၉ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၅၄၃.၉၁ သို့ မြင့်တက်နေသော်လည်း ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းများ ကျဆင်းနေသည်ကိုတွေ့ရှိရပါသည်။

(ဂ) အသား၊ ငါး နှင့် ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများတွင် အသားတိုး ကြက်မွေးမြူသူများပြားလာသောကြောင့် ကြက်သားဈေးနှုန်းများ ကျဆင်းလာပါသည်။ ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ် ဝယ်ယူမှု များရှိနေခြင်းကြောင့် အမဲသားနှင့် ဆိတ်သားဈေးနှုန်းများ ယခင်လကထက် မြင့်မားနေပါသည်။ ဒေသအတွင်း ငါး

ဖမ်းဆီးရရှိမှု များပြားလာသောကြောင့် ငါးဈေးနှုန်းများ ကျဆင်းလာပါသည်။ အလားတူ ဥအထွက်နှုန်းများလာသောကြောင့် ဘဲဥနှင့် ကြက်ဥဈေးနှုန်းများလည်း ဆက်လက်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(ဃ) အချို့ဟင်းသီးဟင်းရွက်နှင့် အသီးအနှံဈေးနှုန်းများ မြင့်တက်လာရာတွင် ခရမ်းချဉ်သီး ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) ပြည်ပမှ ဝယ်ယူမှုများရှိသောကြောင့် ကြက်သွန်နီဈေးနှုန်းများ ထူးထူးခြားခြား မြင့်တက်လာပါသည်။ အလားတူ စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူဈေးနှုန်းမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ရှိသောကြောင့် ဈေးကွက်အတွင်း ဝင်ရောက်မှုနည်းပါးလာပြီး ဈေးနှုန်းများမြင့်တက်လျက်ရှိပါသည်။ သို့သော် ပဲမျိုးစုံ ဈေးကွက်တွင် ကုလားပဲခြမ်း ကျဆင်းလာသည်မှလွဲ၍ ကျန်ပဲဈေးနှုန်းများ မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၁၄၈၁၂၅.၂၂ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၁.၀၀% ပြန်လည် ကျဆင်းလာခဲ့ပါသည်။ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၁၉.၃၅% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခင်လတွင် တစ်ထရိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၀၁.၂၁ ရှိရာမှ ၁၄၉၃.၂၆ သို့ ကျဆင်းလာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာသောကြောင့် မြန်မာ့ရွှေဈေးနှုန်းမှာလည်း အနည်းငယ် လိုက်ပါကျဆင်းလျက်ရှိပါသည်။

(ဆ) လျှပ်စစ်ဓာတ်အားခဈေးနှုန်းများကို ၂၀၁၉ ခုနှစ် ဇူလိုင်လမှစတင်၍ ပြောင်းလဲတိုးမြှင့် ကောက်ခံသည့်အတွက် ၎င်းနှင့်ဆက်စပ်လျက်ရှိသော ကုန်ပစ္စည်းအုပ်စု ဈေးနှုန်းများ သိသိသာသာမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(ဇ) ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၇.၁၅ မှ ၇၅.၇၂ သို့ လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၉.၃၅ မှ ၆၈.၁၅ သို့ လည်းကောင်း အသီးသီးကျဆင်းလာပါသည်။ ပြည်ပမှ တင်သွင်း

သည့် လောင်စာဆီဈေးနှုန်းများ ကျဆင်းလာသော်လည်း ပြည်တွင်းလောင်စာဆီဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ကျဆင်းလာသကဲ့သို့ ယခင်လနှင့်နှိုင်းယှဉ်ပါကလည်းကျဆင်းနေသည်ကိုတွေ့ရှိရပါသည်။

၈။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ပြည်ပမှတင်သွင်းသော လောင်စာဆီဈေးနှုန်းများ ကျဆင်းနေသော်လည်း ခရီးသွားရာသီဖြစ်ခြင်းကြောင့် ဝယ်ယူသုံးစွဲမှု များပြားနေသည့်အတွက် ပြည်တွင်းလောင်စာဆီဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကျဆင်းလာသည်ဆိုသော်လည်း အမြင့်ဈေးဖြင့် ဖြစ်ပေါ်နေပါသည်။ ယခုလတွင် ရွှေဈေးနှုန်းများကျဆင်းလာသော်လည်း အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် စားသုံးသူဈေးဆနှုန်းမြင့်တက်ခဲ့ပြီး ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းလည်း အနည်းငယ်သာ မြင့်တက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၉ခုနှစ် အောက်တိုဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | အောက်တိုဘာလ | စက်တင်ဘာလ | အောက်တိုဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၄၇.၇၀** | **၁၅၉.၈၅** | **၁၆၀.၅၈** | **၀.၄၆** | **၈.၇၂** | **၈.၆၀** |
| ၀၁ | **အစားအစာအုပ်စု** | **၅၈.၄၆** | **၁၆၀.၆၀** | **၁၇၂.၆၁** | **၁၇၃.၃၉** | **၀.၄၆** | **၇.၉၇** | **၉.၁၃** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၄၁.၀၃ | ၁၅၀.၉၈ | ၁၅၂.၁၉ | ၀.၈၁ | ၇.၉၁ | ၀.၅၄ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၂၂.၄၇ | ၁၂၇.၇၀ | ၁၂၈.၃၁ | ၀.၄၈ | ၄.၇၇ | ၄.၉၄ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၅၁.၃၈ | ၁၉၇.၆၀ | ၁၉၈.၀၁ | ၀.၂၁ | ၃၀.၈၁ | ၁၄.၆၅ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၂၂.၇၅ | ၁၃၀.၄၆ | ၁၃၀.၈၉ | ၀.၃၃ | ၆.၆၃ | ၇.၆၁ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၄၄.၅၃ | ၁၅၅.၃၈ | ၁၅၆.၄၁ | ၀.၆၆ | ၈.၂၁ | ၈.၃၀ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၁၈.၇၈ | ၁၁၅.၁၂ | ၁၁၅.၉၉ | ၀.၇၅ | -၂.၃၅ | ၅.၁၀ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၂.၀၈ | ၁၀၁.၄၀ | ၁၀၁.၄၇ | ၀.၀၇ | -၀.၆၀ | -၀.၈၀ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၀၉.၁၄ | ၁၂၂.၀၇ | ၁၂၂.၅၂ | ၀.၃၇ | ၁၂.၂၇ | ၈.၇၈ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၃.၁၅ | ၁၃၈.၅၈ | ၁၃၈.၅၈ | ၀.၀၀ | ၄.၀၈ | ၆.၇၁ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၂၃.၉၂ | ၁၂၉.၄၂ | ၁၃၀.၆၄ | ၀.၉၄ | ၅.၄၂ | ၅.၀၅ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၃၃.၃၀ | ၁၄၇.၅၇ | ၁၄၇.၅၈ | ၀.၀၀ | ၁၀.၇၁ | ၁၀.၁၆ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၅၄** | **၁၂၉.၅၅** | **၁၄၁.၉၁** | **၁၄၂.၅၆** | **၀.၄၆** | **၁၀.၀၄** | **၇.၆၉** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | **၃၄.၂၉** | **၁၂၃.၄၀** | **၁၃၉.၁၂** | **၁၃၉.၇၄** | **၀.၄၅** | ***၁၃.၂၅** | ***၈.၈၅** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

# ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(၂၀၁၉ ခုနှစ် အောက်တိုဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | အောက်တိုဘာလ | စက်တင်ဘာလ | အောက်တိုဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၅၅.၀၅ | ၁၅၄.၇၀ | ၁၅၇.၉၉ | ၂.၁၃ | ၁.၉၀ | ၃.၈၆ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၈.၄၄ | ၁၅၉.၅၄ | ၁၆၀.၁၉ | ၀.၄၁ | ၇.၉၁ | ၆.၅၆ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၃၇.၅၉ | ၁၄၄.၇၆ | ၁၄၅.၆၉ | ၀.၆၄ | ၅.၈၉ | ၇.၈၄ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၂၀၀.၈၂ | ၂၀၈.၇၃ | ၂၀၈.၈၁ | ၀.၀၄ | ၃.၉၈ | ၈.၈၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၄၄.၃၅ | ၁၅၉.၇၃ | ၁၅၉.၉၈ | ၀.၁၆ | ၁၀.၈၃ | ၁၁.၅၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၃၂.၅၀ | ၁၃၉.၇၉ | ၁၄၁.၀၃ | ၀.၈၉ | ၆.၄၄ | ၇.၉၂ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၄၃.၀၁ | ၁၅၅.၈၃ | ၁၅၆.၃၃ | ၀.၃၂ | ၉.၃၁ | ၈.၂၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၅၃.၈၀ | ၁၆၉.၃၅ | ၁၇၀.၁၄ | ၀.၄၇ | ၁၀.၆၂ | ၁၂.၄၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၃၉.၆၈ | ၁၅၄.၀၄ | ၁၅၅.၆၆ | ၁.၀၆ | ၁၁.၄၄ | ၈.၅၉ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၄၅.၃၈ | ၁၅၃.၄၀ | ၁၅၁.၇၅ | -၁.၀၈ | ၄.၃၈ | ၈.၄၈ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၉၁.၀၆ | ၁၉၄.၉၃ | ၁၉၅.၇၅ | ၀.၄၂ | ၂.၄၆ | ၆.၄၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၃၈.၅၃ | ၁၄၈.၆၃ | ၁၄၈.၈၉ | ၀.၁၈ | ၇.၄၈ | ၆.၁၆ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၅၇.၆၃ | ၁၆၆.၄၈ | ၁၆၇.၉၀ | ၀.၈၆ | ၆.၅၂ | ၇.၁၆ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၄၄.၈၆ | ၁၆၅.၇၃ | ၁၆၆.၇၉ | ၀.၆၄ | ၁၅.၁၃ | ၉.၃၅ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၃၄.၁၂ | ၁၄၄.၀၂ | ၁၄၅.၂၄ | ၀.၈၄ | ၈.၂၉ | ၆.၆၈ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၄၈.၁၀ | ၁၅၈.၇၃ | ၁၅၈.၈၄ | ၀.၀၇ | ၇.၂၆ | ၈.၃၅ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၄၁.၉၉ | ၁၅၉.၁၄ | ၁၅၉.၇၇ | ၀.၄၀ | ၁၂.၅၃ | ၁၀.၁၀ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၃၅.၃၃ | ၁၅၂.၁၀ | ၁၅၂.၃၈ | ၀.၁၉ | ၁၂.၆၀ | ၉.၈၂ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၄၇.၇၀** | **၁၅၉.၈၅** | **၁၆၀.၅၈** | **၀.၄၆** | **၈.၇၂** | **၈.၆၀** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၉ ခုနှစ် စက်တင်ဘာလ (ကျပ်) | ၂၀၁၉ ခုနှစ် အောက်တိုဘာလ (ကျပ်) | ၂၀၁၈ ခုနှစ် အောက်တိုဘာလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၅၀၉.၇၄ | ၁၅၁၃.၆၀ | ၁၅၁၀.၆၉ | ၀.၂၆ | ၀.၁၉ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၉၂၁.၂၀ | ၆၉၂၂.၁၀ | ၆၀၅၇.၉၇ | ၀.၀၁ | ၁၄.၂၆ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၇၂၀.၉၄ | ၆၈၁၅.၉၄ | ၆၁၄၈.၁၅ | ၁.၄၁ | ၁၀.၈၆ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၀၂၈.၀၆ | ၂၀၁၁.၈၁ | ၂၁၆၀.၉၇ | -၀.၈၀ | -၆.၉၀ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၂၇၉.၀၉ | ၇၁၁၈.၂၅ | ၆၉၄၁.၈၃ | -၂.၂၁ | ၂.၅၄ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၄၆၉.၉၃ | ၉၆၆၆.၂၂ | ၉၄၀၁.၀၁ | ၂.၀၇ | ၂.၈၂ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၃၉၇၇.၂၁ | ၁၄၁၂၆.၆၄ | ၁၁၆၀၉.၇၇ | ၁.၀၇ | ၂၁.၆၈ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၉၂၉.၀၉ | ၁၈၇၄.၃၅ | ၁၇၂၂.၈၄ | -၂.၈၄ | ၈.၇၉ |
| ၉ | ကြက်ဥ | ။ | ။ | ၁၄၃၂.၉၂ | ၁၃၇၇.၆၈ | ၁၃၄၄.၂၈ | -၃.၈၆ | ၂.၄၈ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၉၅၈၅.၅၆ | ၉၃၄၈.၃၃ | ၈၁၄၅.၀၀ | -၂.၄၇ | ၁၄.၇၇ |
| ၁၁ | ငါးရံ့ | ။ | ။ | ၉၁၃၉.၃၈ | ၉၀၅၅.၉၆ | ၈၁၈၃.၄၂ | -၀.၉၁ | ၁၀.၆၆ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၅၄၃၃.၄၈ | ၅၄၈၃.၄၈ | ၄၄၇၄.၅၅ | ၀.၉၂ | ၂၂.၅၅ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၃၈၃၄.၀၄ | ၃၄၀၀၂.၁၃ | ၃၁၃၂၅.၅၃ | ၀.၅၀ | ၈.၅၄ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၂၄၁၁.၇၆ | ၃၂၅၇၁.၀၈ | ၂၉၄၇၈.၉၂ | ၀.၄၉ | ၁၀.၄၉ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၃၈၂.၇၄ | ၃၄၀၇.၅၂ | ၃၃၀၈.၈၅ | ၀.၇၃ | ၂.၉၈ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၄၅၈.၁၉ | ၁၇၀၅.၈၈ | ၁၀၂၁.၄၃ | ၁၆.၉၉ | ၆၇.၀၁ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၉၃.၃၆ | ၂၃၆၉.၂၄ | ၂၄၇၄.၅၈ | -၁.၀၁ | -၄.၂၆ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၂၁၁.၀၄ | ၁၂၂၄.၇၀ | ၁၁၁၉.၆၈ | ၁.၁၃ | ၉.၃၈ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၃၆၁၅.၂၃ | ၃၆၄၅.၈၆ | ၂၂၆၅.၄၁ | ၀.၈၅ | ၆၀.၉၄ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၁၉၂.၈၀ | ၁၄၃၂.၀၀ | ၁၄၇၉.၆၀ | ၂၀.၀၅ | -၃.၂၂ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၄၁၂.၀၆ | ၅၄၅၂.၈၄ | ၄၉၀၀.၀၀ | ၀.၇၅ | ၁၁.၂၈ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၄၂၂.၉၂ | ၅၄၉၉.၃၄ | ၅၁၉၉.၀၁ | ၁.၄၁ | ၅.၇၈ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၁၅၉၇၅၈.၄၁ | ၁၁၄၈၁၂၅.၂၂ | ၉၆၂၀၀၅.၃၁ | -၁.၀၀ | ၁၉.၃၅ |
| ၂၄ | ထင်း | | ပိဿာ | ၃၆၄.၃၂ | ၃၆၇.၀၉ | ၃၂၅.၁၃ | ၀.၇၆ | ၁၂.၉၁ |
| ၂၅ | မီးသွေး | | ။ | ၆၈၇.၇၇ | ၆၈၉.၉၆ | ၆၅၀.၀၀ | ၀.၃၂ | ၆.၁၅ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၄၉.၇၈ | ၄၅၀.၆၆ | ၄၃၂.၂၄ | ၀.၂၀ | ၄.၂၆ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၁၀၈.၇၇ | ၁၁၀၈.၇၇ | ၁၀၈၄.၈၀ | ၀.၀၀ | ၂.၂၁ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလန် | ၄၃၉၅.၈၇ | ၄၄၁၅.၆၉ | ၅၁၀၁.၂၄ | ၀.၄၅ | -၁၃.၄၄ |
| ၂၉ | ဓာတ်ဆီ | | ဂါလန် | ၄၀၈၀.၁၄ | ၄၁၁၉.၉၂ | ၅၀၁၀.၁၅ | ၀.၉၇ | -၁၇.၇၇ |

# ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | ၂၀၁၉ ခုနှစ် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၄၇.၇၀ | ၁၄၈.၉၅ | ၁၄၇.၇၅ | ၁၄၇.၈၉ | ၁၄၈.၈၅ | ၁၅၀.၁၃ | ၁၅၂.၀၃ | ၁၅၃.၆၆ | ၁၅၄.၅၆ | ၁၅၈.၄၄ | ၁၅၉.၁၂ | ၁၅၉.၈၅ | ၁၆၀.၅၈ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၂၃.၄၀ | ၁၂၃.၉၆ | ၁၂၄.၆၉ | ၁၂၅.၁၉ | ၁၂၅.၈၅ | ၁၂၆.၁၇ | ၁၂၆.၅၈ | ၁၂၇.၃၁ | ၁၂၇.၈၁ | ၁၃၇.၅၆ | ၁၃၈.၂၅ | ၁၃၉.၁၂ | ၁၃၉.၇၄ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | ၂၀၁၉ ခုနှစ် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Year on Year Inflation) | ၈.၈၅ | ၈.၃၃ | ၆.၈၅ | ၆.၁၄ | ၆.၆၉ | ၇.၉၂ | ၈.၇၃ | ၉.၅၇ | ၉.၅၁ | ၁၀.၈၇ | ၁၀.၃၇ | ၉.၅၁ | ၈.၇၂ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Core Inflation) | ၆.၅၉ | ၆.၄၇ | ၆.၇၉ | ၆.၃၉ | ၆.၃၃ | ၆.၁၈ | ၆.၃၀ | ၆.၅၈ | ၆.၃၄ | ၁၄.၁၄ | ၁၃.၈၇ | ၁၃.၅၈ | ၁၃.၂၅ |